# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၄၄ ရက်မြောက်နေ့ အစီအစဉ်
# [ ၂ - ၁၁ - ၂၀၁၁ ]
# (ဗုဒ္ဓဟူးနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၄၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ ဥပဒေကြမ်းပူးပေါင်းကော်မတီအား စိစစ်စေပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်ခြင်း ရှိ/မရှိ သံသယရှိသော ကိစ္စရပ်များပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးသို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း** နှင့် စပ်လျဉ်း၍ အဆို တင်သွင်းခြင်း ။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ ဥပဒေကြမ်းပူးပေါင်းကော်မတီအား စိစစ်စေပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် ညီညွတ်ခြင်း ရှိ/မရှိ သံသယရှိသော ကိစ္စရပ်များပါဝင်ပါက ယင်း ဥပဒေကြမ်း များကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးသို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း တင်သွင်းသည့် အဆို** နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။

၇။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ အကြံပြုချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ပြန်လည် ဖတ်ကြား ရှင်းလင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း အား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း အား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ဖြန့်ဝေထားခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အသိပေးခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၄၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း ကြေညာခြင်း။